# ပထမအကြိမ် ပြည်သူ့လွှတ်တော် နဝမပုံမှန်အစည်းအဝေး

# ၂၄ ရက်မြောက်နေ့ အစီအစဉ်

# [ ၁၂-၃-၂၀၁၄ ] (ဗုဒ္ဓဟူးနေ့) ၁၃၃၀ နာရီ

၁။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း။

၂။ ပြည်သူ့လွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း။

၃။ ပထမအကြိမ် ပြည်သူ့လွှတ်တော် နဝမပုံမှန်အစည်းအဝေး ၂၄ ရက်မြောက်နေ့ အစီအစဉ် ကြေညာခြင်း။

၄။ အစည်းအဝေး မတက်ရောက်နိုင်သော ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ က ခွင့်ပန်ကြားခြင်းနှင့် ပြည်သူ့လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း။

၅။ ကြယ်ပွင့်ပြထားသည့် အောက်ပါမေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များ က မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း-

(က) ဦးရှိသီး၊ လေရှီး မဲဆန္ဒနယ်၏ **ခန္တီးမြို့တွင် အလုပ်သမားမှတ်ပုံတင်ရုံး ဖွင့်လှစ်ပေးရန် အစီအစဉ်ရှိ/မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း။

(ခ) ဦးမြင့်ဦး၊ သနပ်ပင် မဲဆန္ဒနယ်၏ **ပဲခူးမြို့တစ်ဝိုက်တွင် သဘာဝ ဓာတ်ငွေ့ အရောင်းဆိုင်များ အမြန်ဆုံးဖွင့်လှစ်ပေးနိုင်ရေး ဆောင်ရွက် ပေးပါရန်နှင့် ဆောင်ရွက်မည့် အစီအစဉ်များကို သိရှိလိုသည်** နှင့် စပ်လျဉ်းသည့် မေးခွန်း။

(ဂ) ဦးကြည်သာ၊ ဂွ မဲဆန္ဒနယ်၏ **ကျောက်ဖြူမြို့၊ မဒေးကျွန်း ရေနက် ဆိပ်ကမ်းတွင် မြန်မာ့ရေပိုင်နက်အတွင်း၌ ဖြစ်စေ၊ ဆိပ်ကမ်း ဧရိယာအတွင်း၌ ဖြစ်စေ ရေနံစိမ်းများ အကြောင်းတစ်ခုခုကြောင့် ယိုစိမ့်မှု ဖြစ်ပေါ်လာပါက အရေးပေါ်ဖြေရှင်းနိုင်သည့် အစီအမံများ ဆောင်ရွက်ထားရှိမှု ရှိ/မရှိ** နှင့်စပ်လျဉ်းသည့် မေးခွန်း။

(ဃ) ဦးစိုင်းမောင်တင်၊ လဲချား မဲဆန္ဒနယ်၏ **လဲချားမြို့နယ်၊ ပြန်ကြားရေး နှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနရုံး၏ အဓိက လိုအပ်သည့် ပစ္စည်းများကို ကူညီပံ့ပိုးပေးနိုင်ခြင်း ရှိ/မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း။

(င) ဦးသာဝင်း၊ ရန်ကင်း မဲဆန္ဒနယ်၏ **အတည်ပြုပြဋ္ဌာန်းပြီးသည့် ဥပဒေများ၊ နည်းဥပဒေများနှင့် အမိန့်ညွှန်ကြားချက်များကို အုပ်ရေမည်မျှ ဖြန့်ဖြူးရောင်းချလျက်ရှိသည်နှင့် ယခုထက်ပိုမို ဖြန့်ဖြူးရောင်းချပေးရန် အစီအစဉ်ရှိ/မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း။

(စ) ဦးခိုင်မောင်ရည်၊ အလုံ မဲဆန္ဒနယ်၏ **အမျိုးသားစာပေတစ်သက်တာဆု၊ အမျိုးသားစာပေဆုနှင့် စာပေဗိမာန်စာမူဆု ချီးမြှင့်ငွေများကို ယခုထက် ပို၍ ချီးမြှင့်ပေးရန် အစီအစဉ်ရှိ/မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း။

၆။ အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာနက **"အလုပ်သမားရေးရာ အငြင်းပွားမှု ဖြေရှင်းရေးဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း"** ကို တင်သွင်းခြင်း။

၇။ **"အလုပ်သမားရေးရာ အငြင်းပွားမှု ဖြေရှင်းရေးဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း"** နှင့်စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီက အစီရင်ခံစာ ဖတ်ကြား ရှင်းလင်းခြင်း။

၈။ အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာနက တင်သွင်းသည့် **"အလုပ်သမားရေးရာ အငြင်းပွားမှု ဖြေရှင်းရေးဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း"** ကို လွှတ်တော်က ဆွေးနွေးစဉ်းစားရန် ဖြစ်ကြောင်းနှင့် ဥပဒေကြမ်းကို ဆွေးနွေး၍ ပြင်ဆင်ချက်အဆို တင်သွင်းလိုသည့် လွှတ်တော် ကိုယ်စားလှယ်များ အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာခြင်း။

၉။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ပထမအကြိမ် ပြည်သူ့လွှတ်တော် နဝမပုံမှန် အစည်းအဝေး ၂၄ ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး ၂၅ ရက်မြောက်နေ့ ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း။